JAPAN PLATFORM

# မြန်မာဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအား ပြန်လည် စုစည်းခြင်း အကူအညီပေးရေး အစီအစဉ် ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ





# မြန်မာဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအား ဂျပန်ပလက်ဖောင်း လူမှုအဖွဲ့အစည်း၏ ပြန်လည်စုစည်းခြင်း အကူအညီပေးရေး အစီအစဉ် (၂၀၁၃ မှ ၂၀၁၅ )

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ကြီးမားသော လူမှုနိုင်ငံရေးအပြောင်းအလဲ ရေစီးကြောင်းကို တုံ့ပြန်သောအားဖြင့် ဂျပန်ပလက်ဖောင်း နှင့် ၎င်း၏ အဖွဲ့ ဝင်အန်ဂျီအိုများသည် နိုင်ငံအတွင်း အစီအစဉ် အသစ်တစ်ရပ် အနေဖြင့် ဆောင်ရွက်ရန်အတွက် ပူးပေါင်းလေ့လာ စမ်းစစ်ခြင်း တစ်ရပ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၁၃ခုနှစ် မတ်လတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနနှင့် ဂျပန် ပလက်ဖောင်းတို့ နားလည်မှု စာချွန်လွှာကို ရေးထိုးနိုင်ခဲ့ခြင်းကြောင့် "မြန်မာ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအား ဂျပန်ပလက်ဖောင်း လူမှုအဖွဲ့အစည်း၏ ပြန်လည်စုစည်းခြင်း အကူအညီပေးရေး အစီအစဉ်" ကို ၂၀၁၃ခုနှစ် ဧပြီလမှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူမှုပြုပြင်ပြောင်းလဲမှုများ ကျယ်ပြန့်စွာ လုပ်ဆောင်နေသော်လည်း ထိုင်းမြန်မာ နယ်စပ်ဒေသရှိ ဒုက္ခသည် စခန်းများတွင် လူပေါင်း (၁၁၀၀၀၀) ကျော် နေထိုင်ဆဲ ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံတွင်း ကိုယ့်ရပ်ရွာများမှ ထွက်ပြေးတိမ်းရှောင်သွားကြရသည့် နေရပ်စွန့် ခွာရွှေ့ပြောင်း သူများ၏ ထူးခြားသော အရေအတွက်လည်း ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။ ကျွန်ုပ်တို့ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ပဋိပက္ခ သက်ရောက်မှု ခံစားနေရသော မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း နှင့် ထိုင်းနိုင်ငံရောက် ဒုက္ခသည်များ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ ဆီသို့ ရောက်ရှိစေရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘက်စုံပါဝင်သော ကဏ္ဍအလိုက် ထောက်ပံ့ကူညီမှုများကို ဒုက္ခသည်များ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများနှင့် ဖြစ်နိုင်ခြေရှိသော ဒေသခံ လူ့အဖွဲ့အစည်းများကို ထောက်ပံ့ကူညီခြင်းဖြင့် ကျွန်ုပ်တို့ မျှော်လင့်သည်မှာ ၎င်းတို့သည် တဖြည်းဖြည်း ပြန်ဝင်လာပြီး ပြန်လည်ပေါင်းစည်းရန်အတွက် ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကောင်း တစ်ခု ဖန်တီးနိုင်ရန်သာ ဖြစ်ပါသည်။

၂၀၁၅ခုနှစ် မတ်လ အထိ ဂျပန်ပလက်ဖောင်းမှ ၎င်းအစီအစဉ်ဖြင့် အန်ဂျီအို အဖွဲ့ဝင်ပေါင်း (၁၀) ဖွဲ့ကို ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

## အစီအစဉ်ပန်းတိုင် (၂၀၁၅)

ဤအစီအစဉ်မှ ကဏ္ဍအလိုက် ဘက်စုံပါဝင်သော ထောက်ပံ့ကူညီခြင်းကို ထိုင်းနိုင်ငံတွင် ရှိသော ဒုက္ခသည်များ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၊ ပြန်လာမည့်သူများနှင့် မြန်မာနိုင်ငံဘက်တွင် ၎င်းတို့ကို လက်ခံမည့် ဒေသခံ လူထုများကို ထောက်ပံ့ ကူညီခြင်းဖြင့် မြန်မာနိုင်ငံရှိ ကရင်ပြည်နယ်တွင်း၌ ၎င်းတို့ ဖြည်းဖြည်းခြင်း ပြန်လည်ပေါင်းစည်း နိုင်ရန် နှင့် အခြေချနေထိုင်နိုင်ရန် အတွက် ပြင်ဆင် မှုများ တိုးမြှင့်ရန် ရည်ရွယ်ပါသည်။

## မျှော်မှန်းရလဒ် (၂၀၁၅ )

၁။ မြန်မာနိုင်ငံ နယ်စပ်အနီး ထိုင်းနိုင်ငံတွင် နေထိုင်သော ဒုက္ခသည်များအတွက် သင့်တော်မည့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် အရည်အချင်း မြှင့်တင်ပေးဖို့ စွမ်းဆောင်ခြင်း တစ်ခုတည်းမဟုတ်ပဲ၊ ၎င်းတို့ နည်းလမ်းမျိုးစုံဖြင့် တဖြည်းဖြည်း ပြန်လာနိုင်ရန်အတွက် ပြင်ဆင်ပေးရန် ဖြစ်ပါသည်။

၂။ ပဋိပက္ခကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရင်ဆိုင်နေရသော မြန်မာနိုင်ငံရှိ ကရင်ပြည်နယ်တွင် အခြေခံလူထု အဆောက်အဦးများ တည်ဆောက်ခြင်း၊ လူမှုဝန်ဆောင်မှုများ မြှင့်တင်ပေးခြင်းများ ပြုလုပ်ရန်ဖြစ်ပါသည်။

၃။ ကရင်ပြည်နယ်တွင်းရှိ ပြန်လာမည့် သူများကို လက်ခံပြီးသည့် ဒေသခံပြည်သူလူထုများ သို့ မဟုတ် ၎င်းတို့ ကို လက်ခံမည့် ဒေသခံလူထု အနေဖြင့် ဒုက္ခသည်များနှင့် နေရပ်စွန့် ခွာ ရွှေ့ပြောင်းသူများ၏ လက်ရှိခံစားနေရသော ပတ်ဝန်းကျင် အခြေအနေကို ပိုမိုနားလည် သဘောပေါက်ရန် အတွက် သေချာအောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။

## ရန်ပုံငွေ (၂၀၁၃-၂၀၁၅)

စုစုပေါင်း၊ ဂျပန်ယန်းငွေ ၁,၂၉၂,၀၀၀,၀၀၀
(ခန့် မှန်း အမေရိကန်ဒေါ်လာ ၁၄.၂ သန်း*/၁၀.၇ သန်း**)
*၁ ဒေါ်လာ= ၉၁ ဂျပန်ယန်း/ **၁ဒေါ်လာ = ၁၂၀ ဂျပန်ယန်း

AAR Japan — Association for Aid and Relief, Japan — 認定NPO法人 難民を助ける会
nicco
ADRA JAPAN
peace winds JAPAN
BHN — Telecom for Basic Human Needs
Save the Children JAPAN
CWS JAPAN
Shanti Volunteer Association
特定非営利活動法人 タイ日教育開発 — TJED — Thai-Japan Education Development
KnK JAPAN — Kokkyo naki Kodomotachi — 国境なき子どもたち






©JPF

## စီမံချက် တည်နေရာပြ မြေပုံ

ဂျပန်ပလက်ဖောင်း၏ မြန်မာနိုင်ငံ အစီအစဉ်အောက်မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အဖွဲ့ဝင် အန်ဂျီအို (၈) ဖွဲ့နှင့် ထိုင်းနိုင်ငံမှ (၂) ဖွဲ့တို့အား ရန်ပုံငွေ ပံ့ပိုးပေးလျက် ရှိပါသည်။




## ဂျပန်ပလက်ဖောင်း၏ ၂၀၁၅ ခုနှစ် မတ်လအထိ လုပ်ငန်း အရေအတွက်များ

- ၇၇ ကရင်ပြည်နယ်ရှိ ကျေးရွာများ
- ၄ ကျန်းမာရေး အဆောက်အဦးများ
- ၇၂ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ချက်များ
- ၉၈ အိမ်သာများ
- ၄ ကတ္တရာလမ်းနှင့် တံတားများ
- ၁၂ ဆေးသင်တန်း သားများ သင်တန်း ရရှိခြင်း
- ၃၅ မူလတန်းကျောင်းနှင့် ကျေးရွာ လူထု သုတရိပ်မြုံများ
- ၂၁ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများရှိ စာကြည့်တိုက်များ
- ၁၇ နေရောင်ခြည် လျှပ်စစ်စွမ်းအင်သုံး စနစ်များ
- ၁၆ အရေးပေါ် ဖုန်းဆက်သွယ်ရေး စနစ်များ

# AAR Japan ဂျပန်လူမှုကူညီရေးနှင့်ကယ်ဆယ်ရေးအဖွဲ့

## ကရင်ပြည်နယ်တွင် မိုင်းဒဏ်သင့် ပြည်သူများအပါအဝင် မသန်စွမ်းသူများအား ထောက်ပံ့ကူညီပေးခြင်း။
## ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ - ၂၀၁၆ ခုနှစ်၊ မတ်လ

စီမံချက်နယ်မြေ ဧရိယာ - လှိုင်းဘွဲ့ မြို့နယ် / ကျေးရွာအရေအတွက် - (၃) ရွာ
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၃၅၀၀ ဦး







## ကူညီမှု အလိုအပ်ဆုံး သူများအား ဝိုင်းဝန်း ကြိုးပမ်း ပံ့ပိုးကြပါစို့။

ဂျပန်လူမှုကူညီရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ (အေအေအာရ် ဂျပန်) သည် ၁၉၇၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လွန်ခဲ့သည့် ၃၆နှစ်ကျော်အတွင်း နိုင်ငံပေါင်း ၆၀ကျော်တွင်လူမှုကူညီထောက်ပံ့ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အေအေအာရ်ဂျပန်သည် ၂၀၀၀ခုနှစ်မှ စတင်ပြီး ဂျပန်ပလက်ဖောင်းအဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့ပါသည်။ ဂျပန်ပလက်ဖောင်း၏ စီမံချက်အတွင်းလုပ်ဖော်ဆောင်ဖက်အနေဖြင့် အေအေအာရ်ဂျပန်သည် ၂၀၁၃ခုနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့၌ ရုံးကို ဖွင့်လှစ်ခဲ့ပါသည်။

အေအေအာရ်ဂျပန်၏ ထောက်ပံ့ကူညီပေးရေး သုံးနှစ်စီမံကိန်းတွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေထိုင်သူများ နှင့် အဓိကအားဖြင့် မိုင်းဒဏ်သင့် ပြည်သူများ အပါအဝင် မသန်စွမ်းသူများအား ဦးတည်၍ ကူညီစောင့်ရှောက်ပံ့ပိုးမှုများဆောင်ရွက်လျက် ရှိပါသည်။ မိုင်းဒဏ်သင့်ပြည်သူများ အပါအဝင် မသန်စွမ်းသူများအား ကိုယ်ကာယပိုင်းဆိုင်ရာ အထောက်အကူ ဖြစ်စေရန်အတွက် ရေပိုက်လိုင်း သွယ်တန်းပေးခြင်း၊ လမ်း နှင့် တံတား၊ ရေသိုးကန် ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် ၎င်းနှင့် သက်ဆိုင်သော ပွဲနေ့များကို အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်များအား ပြုလုပ် ကျင်းပပေးပြီး ကျေးရွာ အထောက်အကူပြု ရေစီမံခန့်ခွဲရေးကော်မတီကိုလည်းဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။အကျိုးခံစားရသူ(၉၃၂)ဦးတွင် မိုင်းဒဏ်သင့် ပြည်သူ (၇၁)ဦး၊ အရွယ်ရောက်ပြီးသောမသန်စွမ်းသူ (၄)ဦး နှင့် မသန်စွမ်းကလေးသူငယ်များလည်းပါဝင်ခဲ့ကြပါသည်။ "ကျွန်တော့် ဘယ်ဘက် ခြေထောက်က မြေမြှုပ်မိုင်းနင်းမိလို့ လွန်ခဲ့တဲ့ ၁၇နှစ်ကတည်းက ဆုံးရှုံးခဲ့ရတာပါ" ဟု ကျေးရွာအထောက်အကူပြု ရေစီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့ပါသည်။ "ဒီရွာမှာ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပြီး လမ်းလျှောက်တဲ့အခါမှာ အခက်အခဲရှိတဲ့မိုင်းဒဏ်သင့်သူတွေ အများကြီးနေထိုင်ကြပါတယ်။ အရင်ကဆိုရင် လမ်းနဲ့ တံတားပေါ်မှာ မကြာခဏ ခြေချော်လဲကျခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်တုံးကျောက်ခဲတွေ ချိုင့်ခွက်တွေနဲ့ မညီညာခဲ့လို့ပဲ။ ရေချိုးကန်ကလည်း အမိုးမရှိတော့ ရေချိုးကန်ဘေးပတ်လည်မှာရှိတဲ့ မြေပြင်ဟာ ရွှံ့ဗွက်ထပြီး ချောနေတယ်။ အခုတော့ လမ်းမကြီးမှာ ကလေးတွေရော လူကြီးတွေရော လွယ်ကူအဆင်ပြေစွာသွားလာနိုင်ကြပါပြီ။ရေချိုးကန်ကလည်းအမိုးဆောက်လုပ်ပေးထားတဲ့အတွက်ရေပိုသန့်ရှင်းသွားတယ်။ ရေကန်ပတ်လည်မှာ လက်ကိုင်တန်း တပ်ပေးထားတဲ့အတွက်လဲ ရေချိုး၊ အဝတ်လျှော်ဖွတ်တဲ့ အခါမှာ ကိုင်တွယ် သွားလာနိုင်ပြီး ကောင်းမွန် လုံခြုံမှုကို ပေးပါတယ်။ ကျွန်တော်လည်း အခြား ကော်မတီဝင်များနဲ့အတူ အေအေအာရ် ဂျပန် အဖွဲ့နဲ့ ပူးပေါင်းပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆက်ပြီး ပါဝင်ကူညီ ဆောင်ရွက်သွားမှာပါ။"

အေအေအာရ် ဂျပန် ဘားအံရုံး အဖွဲ့သည် တတိယနှစ်စီမံချက် အနေဖြင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မြို့နယ် အတွင်းရှိ ကျေးရွာသုံးရွာတွင် ရေရရှိရေး၊ ကျေးရွာ ကျောင်းလမ်းဆောက်လုပ်ရေးနှင့် မသန်စွမ်းသူများနှင့် ပတ်သက်၍ အသိအမြင် သဘောထား ပွင့်လင်းလာအောင် အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းများကို ဂျပန်ပလက်ဖောင်း ၏ စီမံချက် ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




### လက်ဆေး တေးသီချင်း

(သံစဉ်/စာသား - အေအေအာရ်ဂျပန်ထမ်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးအဖွဲ့)

လက်ဆေးမယ် လက်ဆေးမယ် ကျန်းမာရေးအတွက်ကွယ်
အစာမစားခင် လက်ဆေးမယ် / အိမ်သာတက်ပြီး လက်ဆေးမယ်
အစာစားပြီး လက်ဆေးမယ် / လက်ညစ်ပေလျှင် လက်ဆေးမယ်
ဆပ်ပြာလေးနဲ့ စင်ကြယ်အောင်ဆေးမယ်...
ကိုယ်တိုင် ကျင့်ကြံ လိုက်လျှောက်မှ လူနေမှု သာယာလှပမယ်
ဒါတို့များရဲ့ ကျန်းမာရေး အတွက်ကွယ်
"ကလေးငယ်များရဲ့ ပျော်ရွှင်မှုဟာ အလွန်မှကို အရေးကြီးပါတယ်။"

ဤသီချင်း ရေးစပ်သူ စောအောနက်(စ်)တီဒီးသည် တစ်ကိုယ်ရေသန့်ရှင်း ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်ဦးဆောင်သူ တစ်ဦးဖြစ်ပါသည်။ "နိုင်ငံတကာ လက်ဆေးနေ့ အထိမ်းအမှတ်ပွဲမှာ ကလေးသူငယ်များနဲ့ အရွယ်ရောက်ပြီးသူ စုစုပေါင်း၄၅၀ကျော်ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ပြီး"လက်ဆေးမယ်"သီချင်းကို အတူတကွ သီဆိုခဲ့ကြပါတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ သက်ဆိုင်ရာ ပွဲနေ့မှာ အားလုံး ပျော်ရွှင်စွာနဲ့ လေ့လာသင်ယူဖို့ ပြင်ဆင်ထားတာပါ။"

# ADRA Japan ADRA Japan

## ကရင်ပြည်နယ်အတွင်း ပညာရေးအထောက်အကူပြုစီမံကိန်း။
## ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ - ၂၀၁၆ ခုနှစ်၊ မတ်လ

စီမံချက်နယ်မြေ ဧရိယာ - လှိုင်းဘွဲ့ မြို့နယ် / ကျေးရွာအရေအတွက် - (၁၁) ရွာ
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ကျောင်းသား/သူ- ၅၇၇ ဦး၊ ဆရာ/မ - ၂၁ ဦး၊ ရွာသူ/သား - ၆၇၅ ဦး






## မူလ အခြေအနေ ဂန်းကျင်အတိုင်း စာသင်ကလေးငယ်များအတွက် လုံခြုံစိတ်ချရသော ပညာ ဆည်းပူးရာ နေရာ။

အာဒရာဂျပန်သည် နိုင်ငံတကာ လူမှုကူညီရေး အဖွဲ့အစည်း ဖြစ်ပြီး နိုင်ငံတကာမှ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးကြောင့် အကူအညီမဲ့နေသူများအား ကူညီ ပံ့ပိုးပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၂၀တွင် ရှိသော ဒေသခံ အာဒရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကူအညီပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ခုနှစ်တွင် ဖွဲ့စည်းလိုက်သော ဂျပန်ပလက်ဖောင်း အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းလုပ်ကိုင်ခဲ့ပါသည်။ ဂျပန်ပလက်ဖောင်းအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်သည့် အချိန်မှစပြီး လူမှုကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရာတွင် ၂၀၀၄ခုနှစ် ဆူမတ်ကြားငလျင်၊ ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းနှင့် ၂၀၁၅ခုနှစ် နီပေါမြေငလျင် ဘေးဒဏ်သင့်ပြည်သူများအား ထောက်ပံ့ကူညီခဲ့ပါသည်။ ထို့အတူ ပြည်တွင်းစစ်ဖြစ်ပွားနေသော တောင်ဆူဒန်နှင့် အာဖဂန်နစ်စတန် တို့တွင်လည်း ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ပါသည်။

အာဒရာဂျပန်သည် မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်မှစပြီး ဂျပန်ပလက်ဖောင်း အစီအစဉ်ဖြင့် ပညာရေးပံ့ပိုးမှု လုပ်ငန်းများကို ကရင်ပြည်နယ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ အာဒရာဂျပန်သည် ယခုအချိန်အထိ လှိုင်းဘွဲ့မြို့နယ်အတွင်း အခြေခံ ပညာမူလတန်းကျောင်းများနှင့် ကိုယ်ထူကိုယ်ထ ကျောင်းများ စုစုပေါင်း ကျောင်းဆောင်သစ်(၇)ကျောင်းကို ထောက်ပံ့ပေးခဲ့ပါသည်။ အာဒရာဂျပန်၏ စီမံကိန်း လုပ်ဆောင်ချက်များမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်း၊ ရွာသူ ရွာသား များအား ပညာရေး မြှင့်တင်ပေးခြင်း ဆွေးနွေးပွဲ၊ ကျောင်းကော်မတီဝင်များအား စွမ်းရည်မြှင့်တင်ပေးခြင်းဆိုင်ရာ ဆွေးနွေးပွဲများနှင့် မိဘများအား အခြေခံကျန်းမာရေး ဆွေးနွေးပွဲများ စသည်တို့ကို ပြုလုပ်ပါသည်။

အာဒရာဂျပန်၏ စီမံကိန်း လုပ်ဆောင်မှုများမှ ရလဒ်အနေဖြင့် တွေ့ရှိရသည်မှာ အထူးသဖြင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာတွင် ကျောင်းတက်သည့် ကလေးဦးရေများစွာ တိုးတက်လာပါသည်။ ကျွန်ုပ်တို့အား အချို့သော ဒေသခံ ရွာသူရွာသားများမှ ပြောပြသည်မှာ ယခုအချိန်မှစပြီး မိမိရင်သွေးငယ်များအား လုံခြုံပြည့်စုံသည့် ပတ်ဝန်းကျင်နှင့် စာသင်ကျောင်းအသစ်တွင် စိုးရိမ် ပူပန်မှုကင်းစွာဖြင့် ကျောင်းထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခင်



ယခု





### ဒေသခံများ ရင်တွင်းစကား

နော်ထူးအယ်ဂါးသည် ၂၀၁၃ ခုနှစ် မှစပြီး အာဒရာဂျပန်၏ ကရင်ပြည်နယ်အတွင်း ပညာရေးအထောက်အကူပြု စီမံကိန်း တွင် တာဝန်ခံအဖြစ် စတင်ဆောင်ရွက်ခဲ့ပါသည်။ သူမအနေဖြင့် ဘန်ကောက်တွင် ကျောင်းပြီးခဲ့သော်လည်း မိမိမွေးရပ်ဇာတိမြေဖြစ်သည့် ကရင်ပြည်နယ်အတွင်းရှိ အထူးသဖြင့် ကျေးလက်ဒေသများတွင် ပညာသင်ကြားနိုင်ရေး ပံ့ပိုးပေးလိုစိတ် ပြင်းထန်နေသူဖြစ်သဖြင့် အာဒရာဂျပန်နှင့် လက်တွဲဆောင်ရွက်နေခြင်းဖြစ်သည်။ "အာဒရာဂျပန်နဲ့တွဲပြီး ကရင်ပြည်နယ် ကျေးရွာတွေမှာ ကလေးတွေ စာသင်ကြားနိုင်ရေး ကျောင်းဆောက်ပေးခွင့် ရတဲ့အတွက် ကျွန်မအရမ်းပျော်ရွှင်မိပါတယ်၊ ကလေးတွေလည်း အဝေးကြီးသွားစရာမလိုပဲ ကိုယ့်ရွာမှာကိုယ်စာသင်နိုင်ကြပြီလေ"။

# BHN BHN အဖွဲ့အစည်း

## ကရင်ပြည်နယ်အတွင်း လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်မီးများ ထောက်ပံ့ခြင်းဖြင့် ဒုက္ခသည်များ ပြန်လာနိုင်ရန်အတွက် ပြင်ဆင်ခြင်း။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ - ၂၀၁၆ ခုနှစ်၊ မတ်လ

စီမံချက်နယ်မြေ ဧရိယာ - ဖာပွန်၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ် / ကျေးရွာအရေအတွက် - (၁၆) ရွာ
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၁၀၉၇ ဦး


©JPF




©JPF



## ကရင်ပြည်နယ်ရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများသို့ လျှပ်စစ်မီးများ ယူဆောင်လာခြင်း။

BHN အဖွဲ့ အစည်းသည် ဂျပန်အခြေစိုက် အန်ဂျီအိုတစ်ခုဖြစ်ပြီး လူသားချင်းစာနာထောက်ထားရေး အရေးပေါ်အခြေအနေတွင် ကူညီပေးပြီး အဓိကအားဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပိုင်းတွင် ကူညီပေးပါသည်။ ၁၉၈၆ ခုနှစ် ချာနိဘိုင်း နျူးကလီးယားဓာတ်ပေါင်းဖို မတော်တဆ ဖြစ်ပွားမှုကြောင့် ဘေးဒဏ်ခံစားရသူများ၏ အဖြစ်အပျက်ကို အခြေခံ၍ BHN အဖွဲ့အစည်း ကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ BHN အဖွဲ့အစည်းသည် ၂၀၀၀ ခုနှစ် အောက်တိုဘာလ ကတည်းကပင် ဂျပန်ပလက်ဖောင်း၏ အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။

ပဋိပက္ခကြောင့် ကရင်ပြည်နယ်တွင်း ဒေသများ၏ လျှပ်စစ်မီးနှင့်ဆိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာမှုကို ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်၏ ဝေးလံသော နေရာများတွင် ကျောင်းသားများအပါအဝင် ရွာသားများသည် ညအချိန်အခါ၌ ဖယောင်းတိုင် များကိုသာ အသုံးပြုခဲ့ရပါသည်။ ရလဒ်များထဲမှ တစ်ခုအနေဖြင့် ကရင်ပြည်နယ်သို့ BHN အဖွဲ့ ယူဆောင် လာသည်မှာ ဆိုလာပါဂါစနစ်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ၂၀၁၃ခုနှစ် စီမံချက် စတင်ကတည်းက ကျောင်းများ၊ ပြည်နယ်အတွင်းရှိ ဆေးရုံများ နှင့် လူထုစင်တာ (သုတရိပ်မြုံ) များတွင် ဆိုလာပါဂါစနစ်ကို တပ်ဆင်နိုင်ခဲ့ပါသည်။ BHN အဖွဲ့အစည်း၏ ဆိုလာပြားများကြောင့် ညအချိန်၌ အထက်တန်း ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်ရန် စာကို ကျက်မှတ်နိုင်ပြီး လူထုစင်တာ (သုတရိပ်မြုံ) တွင်လည်း ကျေးရွာ ကောင်မတီ အစည်းအဝေးပွဲများ ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့အပြင် BHN အဖွဲ့ အစည်း မှ ကရင်ပြည်နယ် အတွင်း ဝေးလံသော နေရာဒေသများ၌ အများပြည်သူသုံး တယ်လီဖုန်းကိုလည်း အရေးပေါ် ဆက်သွယ်နိုင်မည့် အခြေအနေအတွက် ထောက်ပံ့ကူညီ နိုင်ခဲ့ပါသည်။ ဤစနစ်မှ ရေရှည်အသုံးပြုနိုင်ရန် အတွက် ရွာသားများမှ အသုံးပြုပုံနှင့် ထိန်းသိမ်းပုံများကိုလည်း နားလည်ရန် လိုအပ်ပါသည်။ ၎င်းရည်ရွယ်ချက်ကြောင့် BHN အဖွဲ့အစည်းမှ ကျေးရွာတိုင်းတွင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး အခြေခံ ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကိုလည်း ထိန်းသိမ်းရေးကော်မတီ အဖွဲ့အား ပြုလုပ်ပေး နိုင်ခဲ့ပါသည်။

©JPF



### ဒေသခံများ ရင်တွင်းစကား

ကြာအင်းဆိပ်ကြီး မြို့နယ်ရှိ ကျခတ်ချောင်းကျေးရွာ မှ အထက်တန်းကျောင်းသည် ကျောင်းသားပေါင်း ၅၀၀ ကျော်ကို ပညာသင်ကြား ပေးနိုင်ခဲ့ပါသည်။ သို့သော်လည်း ရွာများ၌ လျှပ်စစ်မီးများရရှိရန် အကန့်အသတ် ရှိခဲ့ပါသည်။ ယခင်က ကျောင်းမှ မီးစက် အသုံးပြုနိုင်ရန်အတွက် ကျောင်းသား မိဘများထံမှ ငွေကြေးကောက်ခံခဲ့ပါသည်။ မညိုပြာသည် ၎င်းကျောင်းတွင် (၁၀) တန်းကျောင်းသူတစ်ဦးဖြစ်ပြီး သူမ၏ အိမ်မက်သည် တစ်နေ့တွင် ကျောင်းဆရာမ ဖြစ်ရန် ဖြစ်ပါသည်။ မညိုပြာ ပြောဆိုသည်မှာ "BHN အဖွဲ့ အစည်း၏ စီမံချက်အားဖြင့် ကျောင်းပတ်ဝန်းကျင် အခြေအနေ သိသိသာသာ တိုးတက်လာလို့ အင်မတန်မှ ပျော်ရွှင်ရပါတယ်။ ကျွန်မတို့ကျောင်းမှာ တပ်ဆင်ပေးတဲ့ ဆိုလာပါဂါ အသစ်စနစ်မှ လျှပ်စစ်မီးကို အစဉ်မပြတ် ရရှိပါတယ်။ ညအချိန်မှာလည်း စာကို အလေးထား ကျက်နိုင်တဲ့အတွက် အထူး ဝမ်းသာပီတိ ဖြစ်ရပါတယ်။"

# CWS CWS Japan

## ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲတွင် ပြုလုပ်လျှက်ရှိသော ရေရရှိရေး စီမံကိန်း။
## ၂၀၁၄ ခုနှစ်၊ မတ်လ - ၂၀၁၆ ခုနှစ် မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **ကြာအင်းဆိပ်ကြီးမြို့ နယ်။** / ကျေးရွာအရေအတွက် - (၈) ရွာ
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၁၆၄၇ ဦး






## လူထု အခြေပြု ရေရှိရေးအတွက် ထောက်ပံ့ ဖြည့်စွမ်းခြင်းအားဖြင့် လူထုအား စွမ်းဆောင်ပေးခြင်း။

CWS သည် ၂၀၁၃ ခုနှစ်တွင် ဂျပန်ပလက်ဖောင်း၏ အဖွဲ့ဝင် ဖြစ်လာပြီး ၎င်း၏ ပထမဆုံး စီမံချက်ကို အကောင်အထည်ဖော်ရန် ဂျပန်ပလက်ဖောင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ၎င်းအချိန်မှစ၍ ဒေသခံများ၏ အကြံဉာဏ် လိုအပ်ချက်ကြောင့် စိမ့်စမ်းရေ သွယ်တန်းရေးစံနစ် (၅) ခုကို ထိုင်းနယ်စပ်အနီးရှိ ဘုရားသုံးဆူဒေသတွင် ပံ့ပိုး ကူညီနိုင်ခဲ့ပါသည်။

လုပ်ငန်း အစပြုရခြင်းမှာ ဤဒေသသို့ အရေအတွက် များစွာသော ဒုက္ခသည်များ နှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ ၎င်းဒေသသို့ ပြန်လာဖွယ်ရှိကြောင်း မျှော်လင့်သိရှိ သော်လည်း အခြေခံအဆောက်အဦး ပိုင်းနှင့် ပတ်သက်လျှင် မရှိသလောက်ပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် လျှပ်စစ်မီးများ မရရှိခြင်း သို့မဟုတ် ရေပေးဝေမှုစနစ်များ မရှိခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံသို့ သွားရောက်ရန် လွယ်ကူလှသည့် ဒေသဖြစ်သည့်အားလျော်စွာ အိမ်နီး နားချင်းရှိ လူထုအသိုင်းအဝိုင်းမှလည်း ရွှေ့ပြောင်းအလုပ်သမားအဖြစ် လာရောက်လုပ်ကိုင် ကြသဖြင့် ဤဒေသတွင် လူဦးရေလည်း လျှင်မြန်စွာ တိုးပွားလျက်ရှိပါသည်။

မိသားစုများနှင့်လူထုများ၏ အခြေခံလိုအပ်ချက်ကို ကူညီရန် CWS ဦးဆောင်သော အဖွဲ့ သည် တစ်နှစ်ပတ်လုံးရေရရှိရန် နှင့်ရေရှည်တည်တံ့ရန်ရည်ရွယ်၍ (၁)လုံခြုံစိတ်ချ၍ သန့်ရှင်းသော ရေအကြောင်း သိကောင်းစရာများ ဗဟုသုတကို မျှဝေပြောကြားခြင်း၊ (၂) နောင်အနာဂတ်တွင် ရေဖြန့်ဝေမှု စနစ်ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းတတ်ရန် အရည်အသွေး မြှင့်တင်သင်တန်းကိုလည်း ကျေးရွာလူထုသို့ သင်ကြားပေးခဲ့ပါသည်။

ရေပေးဝေမှုစနစ်ကြောင့် ချက်ပြုတ်ရာတွင် သော်လည်းကောင်း၊ သောက်သုံးခြင်း၊ ရေချိုးခြင်းနှင့် အဝတ်လျှော်ရာတွင် သော်လည်းကောင်း အသုံးပြုနိုင်ခဲ့ပြီး တချို့မိသားစုအတွက် ဟင်းသီးဟင်းရွက်ပင်များကိုပါ စိုက်ပျိုးနိုင်ခဲ့ပါသည်။ အရေးကြီးသည့် အချက်မှာ အနီးအနားတွင် ရေရရှိခြင်းဖြင့် ကလေးများအား တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကို လက်တွေ့လုပ်ဆောင်သင်ယူနိုင်ခြင်း နှင့် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများ ၏ ဝေးလံသောနေရာမှ ရေရယူခြင်း ဝန်ထုတ်ဝန်ပိုးကို လျော့နည်းသွားစေပါသည်။

### ဒေသခံများ ရင်တွင်းစကား

"ကျွန်မ ရေရရှိဖို့ အိမ်ကနေ ချောင်းရှိတဲ့နေရာကို လီတာ (၂၀) ဆန့်တဲ့ ရေပုံးနဲ့ မိနစ် (၃၀) ကြာလမ်းလျှောက်ရပါတယ်။ ကိုယ်ဝန်ဆောင်စဉ်ကတည်းက စလို့ အခု ကလေးရရှိသည်အထိ ရေကို ခပ်နေရဆဲ ဖြစ်ပါတယ်။ ကျွန်မအတွက် အင်မတန်မှ ခက်ခဲကြမ်းတမ်းလှပါတယ်။ ဒါပေမဲ့လည်း ကျွန်မမှာ ရွေးချယ်စရာ မရှိပါဘူး။ ရေခပ်ရတာ ကျွန်မရဲ့ အလုပ်ပဲ ဖြစ်ပါတယ်။ တကယ်တမ်း ကျွန်မ စိတ်ပူနေရတာကတော့ စမ်းချောင်းထဲက ရေတွေထဲကို အိမ်တွေဆီက လာတဲ့ အညစ်အကြေးတွေနဲ့ တိရိစ္ဆာန်တွေဆီက လာတဲ့ အညစ်အကြေးတွေ ရောဝင်နေတာကိုပါ။ ဒါ့ကြောင့်လဲ ကျွန်မ မိသားစုဝင်တွေ ဖျားနာမှုတွေ ဖြစ်နိုင်မယ်ဆိုတာ ကျွန်မသိနေတယ်။ ဖျားလည်း ဖျားနေကြပါတယ်။ လူတစ်ဦးမဟုတ် တစ်ဦး ငှက်ဖျား အမြဲ ခံစားနေရပါတယ်။ အခုဆိုရင် ရေပေးဝေရေး စနစ်သစ်ကြောင့် အိမ်နဲ့ ရေပိုက်ရှိရာကို မီတာ၂၀လောက်သာ သွားရတော့တယ်။ အခုဆိုရင် အချိန်မရွေး ထမင်းချက်ဖို့ ရေသောက်ဖို့နဲ့ အဝတ်လျှော် ရေချိုးဖို့ အတွက် သန့်ရှင်းတဲ့ ရေကို ကျွန်မတို့ ရရှိနေပြီ ဖြစ်ပါတယ်။ ရေကို အဝေးကနေ ခပ်ယူရခြင်းက ကင်းဝေးပြီး သန့်ရှင်းတဲ့ရေကို ရရှိနေပြီဖြစ်တဲ့အတွက် ကျွန်မအင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်"။

*နော်သူ (သစ်ကတိုက် ရွာသူ)*



# KnK နယ်စည်းမခြား ကလေးများအဖွဲ့

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တွင်းရှိ ကျောင်းပညာရေးများကို တိုးတက်သော သင်ယူမှု ပတ်ဝန်းကျင် အဖြစ်သို့ ပိုမို အားကောင်း လာစေခြင်း။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ - ၂၀၁၆ ခုနှစ် မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **ကော့ကရိတ်မြို့နယ်** / ကျေးရွာအရေအတွက် - (၂၈) ရွာ
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၂၇၆၅ ဦး











## ပဋိပက္ခ သက်ရောက်မှု ခံစားရသော ကျေးရွာများရှိ လူထုများ ပညာရေးသင်ယူမှု ပတ်ဝန်းကျင် တိုးတက် ကောင်းမွန်စေခြင်း။

ကေအန်ကေဂျပန် အဖွဲ့အစည်းသည် ဂျပန် အခြေစိုက် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အခွင့်အလမ်း နည်းပါးသည့် လူငယ်များကို ပညာရေး ထောက်ပံ့ခြင်းများ အထူးပြု လုပ်ဆောင်ပေးနေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ကေအန်ကေဂျပန်အဖွဲ့အစည်းကို ၁၉၉၇ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး၊ ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း (၉) နိုင်ငံတွင် ကူညီထောက်ပံ့ပေးခြင်း အစီအစဉ်များ ကို၂၀၁၅ ခုနှစ် မေလ အထိ တွင်ကျယ်စွာ ဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်ပလက်ဖောင်း အဖွဲ့အစည်းနှင့် ၂၀၀၅ ခုနှစ် မှစတင်ပြီး အတူတကွ ပူးပေါင်း လုပ်ဆောင်လျက် ရှိပါသည်။

ကရင်ပြည်နယ်တွင် စာသင်ကျောင်းသစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ခြင်းနှင့် အခြေခံ ကျောင်းပရိဘောဂများနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ ကူညီပေးပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျောင်းကို ရေရှည်တည်တံ့အောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ကျောင်းသားများ၊ မိဘများနှင့် ဆရာများ တွေ့ဆုံဆွေးနွေးနိုင်မည့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း စီမံကိန်း ပြီးဆုံးသွားပြီးနောက် စီစဉ်ပြုလုပ်ပေးမည် ဖြစ်ပါသည်။ ကျောင်းများ ပြန်လည် ပြုပြင်ပေးခြင်းဖြင့် ကျောင်းသားများ ကျောင်းပုံမှန် တက်ရောက်လာနိုင်ခြင်းကို ကျွန်ုပ်တို့၏ ရလဒ်ကောင်းအဖြစ် တွေ့မြင်ခဲ့ရပါသည်။ ကျောင်းသားများနှင့် မိဘများထံမှလည်း အောက်ပါ တုံ့ပြန် မှတ်ချက် ကောင်းများကိုလည်း ရရှိပါသည်။ "အခုတော့ မိုးရွာရင် စာသင်ခန်းထဲမှာ ထီးဆောင်းစရာ မလိုတော့ပါဘူး။ စီမံကိန်းရဲ့ အကူအညီနဲ့ စာသင်ခန်းတွေကို အခန်း ကာရံပေးတဲ့အတွက် ကိုယ့် သင်ခန်းစာအပေါ် ပိုပြီး အာရုံစိုက်နိုင်ပါပြီ။ ကျောင်းစာသင်ခန်းများရဲ့ မျက်နှာကျက်တွေကို နေပူခံပြားတွေ တပ်ဆင်ပေးထားတဲ့အတွက် အရင်လိုမပူတော့ပါဘူး"။

ကျွန်ုပ်တို့စီမံကိန်းသည် ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ ရှိသည့်နေရာ သို့မဟုတ် တဖြည်းဖြည်း ပြန်လည် ရွှေ့ပြောင်းလာသူများ ရောက်ရှိလာသည့် ကျေးရွာများကို အာရုံစိုက် လုပ်ဆောင်ပေးပါသည်။ ကေအန်ကေမှ ကရင်ကျေးရွာ လူထုသို့ ပညာရေး အထောက်အကူပြုရခြင်းမှာ မြန်မာဘက်သို့ ပြန်လည် ရောက်ရှိလာမည့် ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ၏ ကလေးများအတွက် ပိုမိုကောင်းမွန်သော ပညာရေးကို ကောင်းမွန်သော ပညာရေး ပတ်ဝန်းကျင်မှ ရရှိစေရန် ဖြစ်ပါသည်။

ယခင်



ယခု





### ဒေသခံများ ရင်တွင်းစကား

ကေအန်ကေ အဖွဲ့အစည်း၏ စီမံကိန်းကို အထူးပဲ  ကျေးဇူးတင်ရှိပါတယ်။ အခုဆို ကျွန်မတို့ ကျောင်းဟာ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိသွားပြီ။ ကေအန်ကေ က ထိုင်ခုံနဲ့ စားပွဲခုံများ ပံ့ပိုးကူညီပေးတာကြောင့် ကျွန်မတို့ ကျောင်းသူ ကျောင်းသားတွေလည်း အခုဆိုရင် ကြမ်းပြင်ပေါ်မှာ   ထိုင်စရာမလိုတော့ပါဘူး။ စာသင်ခန်းများ ကာရံထားပေးပြီး ဘီဒိုများ ပံ့ပိုးပေးတာကြောင့်လည်း ဆရာ၊ဆရာမများ အတွက် အလုပ်လုပ်ဖို့ ပိုပြီး သက်သောင့်သက်သာ ဖြစ်စေပါတယ်။ လာမည့် နှစ်အနည်းငယ်အတွင်းမှာ ကျောင်းအားကစားကွင်းကိုလည်း ကျွန်မတို့ ကိုယ်တိုင် တည်ဆောက်ဖို့အတွက် ပြင်ဆင်လျက် ရှိနေပါတယ်။

*ဒေါ်ပြည့်ပြည့်-အမှတ်(၁၇) ကျောင်းအုပ်ဆရာမကြီး*

# NICCO နိုင်ငံတကာနှင့် ပူးပေါင်းဆောက်ရွက်မှုများဖြင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေရန် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနေသော ဂျပန်အဖွဲ့အစည်း။

## ကရင်ပြည်နယ် အတွင်းရှိ ကျေးရွာလူထုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုများ ပိုမို တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ခြင်း။ ၂၀၁၃ ခုနှစ် ဧပြီလ - ၂၀၁၆ ခုနှစ် မတ်လ

စီမံချက်နယ်မြေဧရိယာ-**ကြာအင်းဆိပ်ကြီးမြို့နယ်။** / ကျေးရွာအရေအတွက်- (၅) ရွာ / အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၅၈၄၀ ဦး






## ပဋိပက္ခ သက်ရောက်မှု ခံစားရသော ကျေးရွာများရှိ လူထုများသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုအားကောင်းအောင် ပြုလုပ်ပေးခြင်း။

NICCO လူမှုအဖွဲ့ အစည်းသည် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ မှ စတင်၍ လူထု ဖွံ့ဖြိုး တိုးတက်ရေးနှင့် အရေးပေါ်ကူညီရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့သည်မှာ ၃၅ နှစ်ကျော် ရှိခဲ့ပြီဖြစ်ပါသည်။ ဂျပန်ပလက်ဖောင်း စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၀ ခုနှစ် ကတည်းကပင် ဂျပန်ပလက်ဖောင်း၏ အဖွဲ့ဝင် ဖြစ်လာခဲ့ပြီး ကမ္ဘာတစ်လွှားတွင် သဘာဝဘေးအန္တရာယ် ခံစားနေရသော သူများနှင့် လူမှုကယ်ဆယ်ရေး အကြပ်အတည်း ဖြစ်ချိန်တွင် ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်ရှိသော နစ်ကိုအဖွဲ့အစည်း၏ စီမံချက်ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းပြည်သူများ ပြန်လာမည်ဟု မျှော်မှန်းထားရာ နေရာဒေသတစ်ခု ဖြစ်သည့် ကရင်ပြည်နယ် တွင် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာ စေရန် ကူညီ ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန် ရွေးချယ်ထားသော စီမံကိန်းဒေသကျေးရွာ (၅) ရွာတွင် နစ်ကိုမှ ကျေးရွာလူထုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရန် ကျေးလက် ကျန်းမာရေး ဌာနခွဲ အဆောက်အဦး (၄) လုံး ဆောက်လုပ်ခြင်း၊ လူနာများ အတွက် အရေးပေါ် သယ်ယူပို့ဆောင်ရေးယာဉ် (၂) စီး ထောက်ပံ့ခြင်းနှင့် ဆက်သွယ်ရေး ကိရိယာ (၄) ခုတို့ကို တပ်ဆင်ပေးခြင်းများ ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မတ်လတွင် နစ်ကိုမှ ကျန်းမာရေး စေတနာ့ ဝန်ထမ်းများအတွက် သင်တန်းအစီအစဉ် တစ်ခုကို စတင်ပြုလုပ်ခဲ့ပါသည်။ ယခုအခါတွင် ကျန်းမာရေး စေတနာ့ဝန်ထမ်း (၁၉) ဦးမှာ ၎င်းကျန်းမာရေး သင်တန်း အစီအစဉ်အား တက်ရောက်ပြီးမြောက်ခဲ့ပြီ ဖြစ်ပြီး၊ နောက်ထပ် စေတနာ့ ဝန်ထမ်း (၁၅) ဦးမှာလည်း လက်ရှိတွင် သင်တန်း တက်ရောက်နေဆဲ ဖြစ်ပါသည်။ သင်တန်း ပြီးမြောက်သောအခါ ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာသူ၊ ကျေးရွာသား များအား မိမိတို့အိမ်တွင် ဖျားနာမှုကို မည်သို့ ကာကွယ် လုပ်ဆောင်ရမည် ကို သင်ကြားပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ ကျန်းမာရေးလုပ်သားများမှ ဤ လူထုကျန်းမာရေး ဝန်ဆောင်မှုတွင် ကာကွယ်ဆေး ထိုးခြင်း အစီအစဉ်နှင့် မွေးကင်းစ ကလေးငယ်များ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရာတွင်လည်း ပါဝင်ကူညီနိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ထမ်းတစ်ဦးမှ ပြောဆိုသည်မှာ " လူတွေရဲ့ ဘဝ နေထိုင်မှု ပုံစံကို ပြောင်းလဲရတာတော့ မလွယ်ပါဘူး။ အချိန်ကြာကြာလည်း ပေးရပါ တယ်။ ဒါပေမယ့် ကျွန်မဘဝနဲ့ ကျွန်မတို့ ကျေးရွာလူထုတွေမှာ ပြောင်းလဲမှု တွေအများကြီး ရှိလာခဲ့ပြီး၊ ကျွန်မတို့ ဆက်လက် လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေကလည်း ကျေးရွာလူထုရဲ့ ကျန်းမာရေးဆိုင်ရာ အသိ ပညာတွေကို မြှင့်တင်ပေးနေတာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်ငန်းများ ပိုမို တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နစ်ကို အဖွဲ့အစည်းမှ မြန်မာပြည်ဒေသနှင့် ကိုက်ညီအောင် အထူး ပြင်ဆင်မွမ်းမံ ထားသော ဂေဟာစနစ်သုံးသန့်စင်ခန်း အလုံး (၂၀) ကိုလည်း မိတ်ဆက်ပေး နိုင်ခဲ့ပါတယ်။" နစ်ကိုအဖွဲ့မှ တစ်ကိုယ်ရေ သန့်ရှင်းရေး ပညာပေးနှင့် ပတ်သက်သော ဆောင်ရွက်ချက်များကို ဆက်လက် လုပ်ဆောင်သွား မည်ဖြစ်ပြီး ဂေဟာစနစ်သုံး သန့်စင်ခန်း မည်သို့မည်ပုံ အသုံးပြုသည် များကိုလည်း စဉ်ဆက်မပြတ် စောင့်ကြပ် ကြည့်ရှုသွားမည် ဖြစ်ပါသည်။

### ဂေဟာစနစ်သုံး သန့်စင်ခန်း

Eco-san Toilet ခေါ် ဂေဟာစနစ်သုံးသန့်စင်ခန်းသည် ဆီးနှင့် မစင်ကို သီးခြားစီခွဲ၍ ခံယူ သိုလှောင်နိုင်ရန် ပြုလုပ်ထားသော သန့်စင်ခန်းအမျိုးအစားတစ်ခု ဖြစ်ပါသည်။ ခံယူရရှိ လာသော ဆီးအား သန့်စင်ခန်း အသုံးပြုသူများမှ ခံယူရရှိပြီးနောက်တွင်ပင် ရိုးရိုးရေဖြင့် ရောစပ်ကာ သဘာဝမြေသြဇာအရည်အဖြစ် ချက်ချင်း အသုံးပြုနိုင်ပါသည်။ အစိုင်အခဲ စွန့်ပစ် ပစ္စည်း (မစင်) အား ပြာမှုန့်ကဲ့သို့ အယ်လကာလီ သတ္တိပါရှိသော အမှုန့်များအား မစင် သိုလှောင်ကန်ထဲသို့ ထည့်ပေးခြင်းဖြင့် ခြောက်သွေ့သန့်စင်စေပြီး ခန့်မှန်းခြေ (၆) လ အကြာ တွင် သဘာဝမြေသြဇာ အဖြစ် အသုံးပြုနိုင်ပါသည်။ မိုးရာသီတွင် ဂေဟာစနစ်သုံး သန့်စင်ခန်း သည် မစင်များ သိုလှောင်ကန် အပြင်သို့ လျှံထွက်ခြင်းမှ ကာကွယ် ပေးသောကြောင့် တစ်ကိုယ် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအား တိုးတက်စေရုံသာမက စိုက်ပျိုးရေး လုပ်ငန်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော သဘာဝမြေသြဇာများကိုပါ ထုတ်လုပ် ပေးနိုင်စွမ်းလည်း ရှိပါသည်။



# PWJ ဂျပန် ငြိမ်းချမ်းရေး လေညှင်းကလေးများအဖွဲ့

## ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် သောက်သုံးရေသန့် ရရှိရေး။

## ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ - ၂၀၁၆ ခုနှစ် မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **လှိုင်းဘွဲ့ နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်** / ကျေးရွာအရေအတွက် - **(၃၁) ရွာ**
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - **၁၇,၉၁၆ ဦး**







## အားလုံးအတွက် ပိုမိုကောင်းမွန် လက်လှမ်းမီသော သန့်ရှင်းသည့် သောက်သုံးရေအားဖြင့် ကျေးလက်လူနေမှုဘဝ တိုးတက်စေခြင်း။

၁၉၉၆ခုနှစ်မှ စတင်ထူထောင်ခဲ့သော ဂျပန်ငြိမ်းချမ်းရေး လေညှင်းကလေးများအဖွဲ့(PWJ) သည် "လိုအပ်ချက်ရှိသောသူများအရေး၊ လိုအပ်သော ပံ့ပိုးမှုများပေး" ဟူသောဆောင်ပုဒ်နှင့်အညီ ပူပင်သောက ရောက်သူများ၊ ပဋိပက္ခ၏ ခြိမ်းခြောက်မှုများ၊ ဆင်းရဲမွဲတေမှု (သို့) အခြားသော အနှောင့်အယှက် အခက်အခဲများကြောင့် ဒုက္ခ ရောက်နေသူများအတွက် ကမ္ဘာတဝှမ်းလုံးတွင် ရှိသော နိုင်ငံပေါင်း (၂၇)နိုင်ငံနှင့် ဒေသကြီးများတွင် ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက် ရှိပါသည်။

PWJ သည် ဂျပန်ပလက်ဖောင်း နှင့်အတူ နိုင်ငံပေါင်းများစွာတွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း စီမံချက် များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ PWJ စီမံချက်၏ ရည်ရွယ်ချက်မှာ ကရင်ပြည်နယ်အတွင်းရှိ ဝေးလံသော ကျေးရွာများတွင် နေထိုင်သူများသည် သန့်ရှင်းသော သောက်သုံးရေ ရရှိရန် ရေရရှိရေး စနစ်များ တည်ဆောက်ပြုပြင်ပေးခြင်း နှင့်တစ်ကိုယ်ရေ သန့်ရှင်းမှု အသိပညာ မြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဂျပန်ပလက်ဖောင်း၏ လုပ်ငန်းမူဘောင် အတွင်း လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။ ဖြစ်နိုင်ခြေ အရှိဆုံးသော ရေရရှိရေး စနစ်များ တည်ဆောက်ပြုပြင်ခြင်းကို ကျေးရွာသူရွာသားများနှင့် ဆွေးနွေးတိုင်ပင်ပြီး နေရာဒေသ ပတ်ဝန်းကျင် အနေအထားနှင့် စီးပွားရေး အခြေအနေအပေါ် စဉ်းစားသုံးသပ်ပြီး ရွေးချယ်ခဲ့ပါ သည်။ ၄င်းစနစ်များမှာ ရေတွင်း၊ အဂီစီတွင်း၊ လက်ရှိရေအရင်းအမြစ်များမှ ရေလှောင်ကန်များသို့ သွယ်ယူခြင်း၊ စိမ့်စမ်းရေမှ ပိုက်များဖြင့် သွယ်ယူခြင်း အစရှိသည့် စနစ်များ ဖြစ်ပါသည်။ စီမံချက်မှ ပံ့ပိုးပေးထားသော ရေရရှိရေး စနစ်များ၏ အကျိုးကျေးဇူးကို သေချာစွာသိရှိရန် ကျေးရွာရှိ ရွာသူ ရွာသားများအား ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ပါသည်။

"ကျွန်တော်၊ ကျွန်မတို့က မသန့်ရှင်းတဲ့ မြစ်ရေကိုပဲ သောက်တဲ့အလေ့ ရှိခဲ့တယ်၊ ဒါပေမဲ့ အခုမသောက်တော့ပါဘူး၊ ဒီစီမံချက်ကို ကျေးဇူးတင်ပါတယ်" "ရေခပ်ဖို့ အချိန်အကြာကြီးပေးစရာမလိုတော့တဲ့အတွက် ပျော်ပါတယ်" ထိုကဲ့သို့သော ချီးမွမ်းစကားသံများကို ကျေးရွာသူ ကျေးရွာသားများထံမှ မကြာခဏ ကြားရသောကြောင့် PWJ စီမံချက်ဝန်ထမ်းများအတွက် ရှေ့ဆက်လုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် အားပေးသကဲ့သို့ ဖြစ်စေပါသည်။

ယခင်



ယခု






### ဒေသခံများ ရင်တွင်းစကား

ကျွန်တော်တို့က ကျေးလက်တွေမှာရှိတဲ့ လူထုအတွက် အလုပ်လုပ်ချင်တာပါ၊ ဘာကြောင့်လဲ ဆိုတော့ သူတို့ရဲ့လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုက မြို့ပေါ်ရပ်ကွက်တွေမှာထက် အများကြီး နောက်ကျကျန်ခဲ့တယ်။ အခု PWJ ရဲ့ စီမံကိန်း အကျိုးခံစားခွင့်ရှိတဲ့သူတွေဟာ ရေရှည်တည်တံ့ ခိုင်မြဲတဲ့ ရေရရှိရေး စနစ် အသစ်က ရရှိတဲ့ သန့်ရှင်းတဲ့ သောက်သုံးရေတွေ ရရှိနေပြီဖြစ်တယ်။ ရာသီမရွေး ရေရရှိဖို့လည်း မပူရ တော့ပါဘူး။ သူတို့တွေ ကိုယ်တိုင်လည်း သူတို့တွေရဲ့ ရေအရင်းအမြစ်နဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိတဲ့ ပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ သင်ယူရရှိပြီးဖြစ်တယ်။ ကျွန်တော်တို့ စီမံချက်များကို ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်စလင်ဘာသာဝင်တွေ ရှိတဲ့ ရပ်ရွာတွေမှာ အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါတယ်။ ကျွန်တော်ကတော့ ဒီလိုမျိုး ခွဲခြား ဆက်ဆံမှုမရှိပဲ လိုအပ်ချက်ရှိတဲ့သူတွေကို ကူညီပေးတဲ့ လူသားချင်းစာနာ ထောက်ထားတဲ့ စီမံချက်မှာ အလုပ်လုပ်ခွင့် ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

*ကျော်ကျော်ထွန်း (စီမံကိန်း အရာရှိ)*

# SCJ Save the Children Japan

## ကရင်ပြည်နယ်အတွင်း ပဋိပက္ခ သက်ရောက်မှု ခံစားရသော ကျေးရွာများမှ ဘေးအန္တရာယ် ကျရောက်လွယ်သော ကလေးများအတွက် ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့် ရှောက် ရေး စနစ်အား ပိုမိုလက်လှမ်းမီ လာစေရေး အတွက် စီမံချက်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ - ၂၀၁၆ ခုနှစ်၊ မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **လှိုင်းဘွဲ့မြို့နယ်** / ကျေးရွာအရေအတွက် - (၁၈) ရွာ / အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၅၇၆၀ ဦး






## ကလေးသူငယ်များ အတွက် လုံခြုံစိတ်ချသော ပတ်ဝန်းကျင် ဖန်တီးနိုင်ရန် ကျေးရွာလူထုနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း။

Save the Children အဖွဲ့အစည်းကို ၁၉၁၉ ခုနှစ်တွင်စတင် တည်ထောင်ခဲ့သော အဖွဲ့အစည်းဖြစ်ပြီး ကလေးများ အကျိုးအတွက် ဆောင်ရွက်နေသည့် လွတ်လပ်သော ကမ္ဘာ့ဦးဆောင် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။
Save the Children အဖွဲ့သည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၂၀တွင် ကလေးသူငယ်များ၏ ဘဝများ ဘေးကင်းလုံခြုံစေရေး၊ ကလေး အခွင့်အရေးများအတွက် တိုက်ပွဲဝင်နိုင်ရေးနှင့် ကလေးတို့၏ အလားအလာ ကောင်းများ အတွက် ကူညီဖြည့်ဆည်းပေးရေး လုပ်ငန်းများကို ရည်သန် ဆောင်ရွက်ပေးလျက် ရှိပါသည်။

စီမံချက်သည် ကရင်ပြည်နယ်အတွင်း ပဋိပက္ခ သက်ရောက်မှုရှိနေသော ဒေသများမှ ဘေးအန္တရာယ် ကျရောက်လွယ်သော ကလေးများအတွက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ယန္တရားအား လက်လှမ်းမီမှု တိုးမြှင့်လာစေရန်နှင့် ကလေးများအတွက် ပံ့ပိုးမှုနှင့် အထောက်အကူပြုသော ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လုပ်ဆောင်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ် ကျရောက်လွယ်သော ကလေးများအတွက် ဘေးကင်း လုံခြုံမှုရှိသည့် စိတ်ခံစားမှုမျိုး ရရှိခံစားစေပြီး၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် အရေးပါသူများအဖြစ် ရှုမြင်လက်ခံလာအောင် တည်ဆောက်ပေးနိုင်မည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကလေးသူငယ် ဖွံ့ဖြိုးရေး အဖွဲ့အား ဖွဲ့စည်းခြင်းအားဖြင့် ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ယန္တရားအား ကျေးရွာ ၁၈ ရွာတွင် တည်ထောင်နိုင်ခဲ့ပြီး၊ လျစ်လျူရှုခံရခြင်း၊ ကလေးအလုပ်သမားနှင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူခံရခြင်း ကဲ့သို့သော ကလေးဖြစ်ရပ်ပေါင်း ၅၃၂ ခုအား တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည်များ ရှိလာအောင်လည်း လုပ်ဆောင် နိုင်ခဲ့ပါသည်။ ကလေးသူငယ်များ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ရန် အလို့ငှာ စီမံချက်အနေဖြင့် မိဘများနှင့် ကလေးပြုစုပျိုးထောင်သူ စုစုပေါင်း ၄၆၅၈ ဦးအား ကလေးအခွင့်အရေး ဆိုင်ရာများ နှင့် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုဆိုင်ရာ အသိပညာပေး အစီအစဉ်များ၊ အိမ်တိုင်ရာရောက် လည်ပတ်ဆွေးနွေးခြင်း ပုံစံများ အားဖြင့် ကူညီနိုင်ခဲ့ပါသည်။ စီမံချက် ကျေးရွာများမှ အရွယ် ရောက်ပြီးသူများသည် စာပေ တတ်မြောက်မှု အားနည်းသည့်အတွက် မိမိကလေးများအား မည်ကဲ့သို့ ကောင်းမွန်စွာ ပြုစုပျိုးထောင်ရမည်ဆိုသည်ကို သင်ကြားသင်ယူရာတွင် အခက်အခဲရှိလှပါသည်။

စီမံချက်အကောင်အထည်ဖော်ပြီး နောက်ပိုင်းတွင် ကလေးများအား ရိုက်နှက်ခြင်းအပေါ် လက်မခံသော (သို့) လုံးဝလက်မခံသော မိဘများနှင့် ပြုစုပျိုးထောင်သူ အရေအတွက်မှာ ၄၄% ထိ တိုးမြှင့်လာပါသည်။
Save the Children အနေဖြင့် ပညာသင်ကြားခွင့်နှင့် အလှမ်းဝေးနေသော ကလေး ၁၁၀၂ ဦးအတွက် ကလေးပျော်ဌာန အစီအစဉ်အား မိတ်ဆက်ပေးခဲ့ပါသည်။ ကလေးများ မိမိကိုယ်ကို ယုံကြည်မှုနှင့် အရေးပါသူများအဖြစ် ရှုမြင်လက်ခံလာမှုများ အားကောင်းလာစေရန် ဆောင်ရွက်ရာတွင် ကလေးပျော်ဌာန အစီအစဉ်သည် ထူးခြားသည့် ပံ့ပိုးနိုင်မှုတစ်ခုလည်း ဖြစ်ပါသည်။

### ဒေသခံများ ရင်တွင်းစကား

ကရင်ပြည်နယ်ထဲမှာရှိတဲ့ ယခင် ပဋိပက္ခ ဖြစ်တဲ့ နေရာဒေသတွေမှာ နေထိုင်နေကြတဲ့ ကလေးတွေ၊ မိဘတွေအတွက် အလုပ်လုပ်ရတာ အရမ်းကို ပျော်ရွှင်မိပါတယ်။ အရင်အချိန်တွေက မရှိခဲ့၊ မရခဲ့ကြတဲ့ ၊ တကယ်လည်း လိုအပ်နေတဲ့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနဲ့ ကာကွယ်ခွင့်နဲ့ စပ်ဆက်နေတဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီအောင် ကူညီပေးခွင့်ရလို့လည်း အထူး ကျေနပ်မိပါတယ်။ ကျွန်တော်တို့ရဲ့ ကလေးပျော်အစီအစဉ်နဲ့ မိဘအသိပညာပေး ဆွေးနွေးပွဲတွေမှာ ပါဝင်ကြတဲ့ ကလေးတွေ၊ မိဘတွေရဲ့ အပြုံးကို မြင်ရတဲ့အခါတိုင်း ငြိမ်းချမ်းရေးဆိုတဲ့ အချိန်ကို ရောက်ရှိနေပြီပဲလို့ လေးလေးနက်နက် ခံစားမိပါတယ်။

*စောသီဟအောင် (စီမံချက် ညှိနှိုင်းရေးမှူး)*



# SVA ရှန်တီ စေတနာ့လူမှုကူညီရေးအဖွဲ့

## မိမိနေရပ်သို့ ပြန်လာလိုသည့် သူများအတွက် စာကြည့်တိုက်လုပ်ငန်း ပံ့ပိုးပေးခြင်း အစီအစဉ်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ - ၂၀၁၆ ခုနှစ် မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း (၉) ခု**

အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - ၁၀၀,၀၀၀ ဦး









## လူထု ဗဟိုပြု စာပေ ဗဟုသုတနှင့် သတင်း အချက်အလက် ဖြန့်ဝေရာ စာကြည့်တိုက်။

ရှန်တီ စေတနာ့ လူမှုအဖွဲ့အစည်းသည် ဂျပန်နိုင်ငံ၏ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းဖြစ်ပြီး ပညာရေး ပံ့ပိုးမှုနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကူညီများအား ဂျပန်နိုင်ငံ အပါအဝင် အာရှ ငါးနိုင်ငံတွင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ခုနှစ်မှ စတင်ပြီး ထိုင်းနိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် စာကြည့်တိုက် တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ရုပ်ပြစာအုပ် ပုံနှိပ်ထုတ်ဝေခြင်း နှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ဆိုင်ရာ ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ ၂၀၀၆ခုနှစ်မှစတင်ပြီး ဂျပန်ပလက်ဖောင်းနှင့် ပူးပေါင်း လုပ်ကိုင်ခဲ့ပါသည်။

အဆိုပါ နေရပ်စွန့်ခွာ ပြန်လာလိုသည့် သူများအတွက် စာကြည့်တိုက် လုပ်ငန်း ပံ့ပိုးခြင်းကို ဂျပန်ပလက်ဖောင်း စီမံချက်၏ အစိတ်အပိုင်း တစ်ခုအနေနှင့် ၂၀၁၃ခုနှစ် ဧပြီလမှ စတင်ပြီး ဆောင်ရွက်ခဲ့ပါသည်။ SVA အနေဖြင့် ဒုက္ခသည်စခန်းများတွင် သတင်းများဖြန့်ဝေခြင်း၊ ကလေးနှင့် လူငယ်များအတွက် စာပေ သင်ကြား တတ်မြောက်ရေး၊ စာကြည့်တိုက် ဝန်ထမ်းများအတွက် လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု အတတ်ပညာ ဆိုင်ရာ သင်တန်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။

ဒုက္ခသည်စခန်းများတွင် နေထိုင်သူများအတွက် မြန်မာနိုင်ငံနှင့် ပတ်သက်သော နောက်ဆုံးရ သတင်း အချက်အလက် ရရှိမှုမှာ အကန့်အသတ် ရှိနေသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ လုပ်ဆောင်မှု၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ ပြန်လာလိုသည့် ဒုက္ခသည်စခန်းတွင် နေထိုင်ကြသော စာပေနှင့် ဝေးကွာနေသူများအတွက် မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပိုမိုသိရှိ လေ့လာနိုင်ရန်ဖြစ်သည်။ ရလဒ်အနေဖြင့် စာကြည့်တိုက်မှတဆင့် သက်ကြီးပိုင်းများမှာ မြန်မာပြည်နှင့် ပတ်သက်သည့် အခြေအနေများ ပိုမိုလေ့လာသိရှိလာရခြင်းနှင့် လူငယ်များအနေဖြင့် စာပေ လေ့လာသင်ယူမှု အခွင့်အလမ်းများစွာ ဖြစ်ပေါ်စေပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဒုက္ခသည်များနှင့် နေရပ်စွန့်ခွါ ပြန်လာလိုသည့် သူများအားလုံး လေ့လာသိရှိရသည့် စာပေ သတင်း အချက်အလက်များ အပေါ်အခြေခံပြီး အနာဂတ်အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အ ထောက်အကူ ပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

©JPF



### ဒေသခံများ ရင်တွင်းစကား

ကျွန်တော် တစ်ပတ်ကို သုံး၊ လေးကြိမ်နီးပါး စာကြည့်တိုက်မှာ လာပြီး ကွန်ပျူတာ စာစီ၊ စာရိုက် လေ့ကျင့်ပါတယ်။ ပြီးတော့ လက်ရှိ UNHCR ရဲ့ မြန်မာပြည်မှာ လုပ်ဆောင်နေတဲ့ အစီအစဉ် စာမျက်နှာကို ကြည့်ပါတယ်။ မြန်မာပြည် အကြောင်းကိုတော့ သိပ်မသိသေးဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဒီဒုက္ခသည်စခန်းမှာပဲ မွေးခဲ့ရတာပါ။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရတဲ့ တစ်ချိန်မှာတော့ ကျွန်တော် ပြန်ချင်ပါတယ်။

*ခွန်းငေါ် (၂၂နှစ်၊ စာကြည့်တိုက် အသုံးပြုသူ)*

# TJED NPO ထိုင်း - ဂျပန် ပညာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်

## မြန်မာ ဒုက္ခသည် ဆေးဝန်ထမ်းများအတွက် ခွဲစိတ်ကုသခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း။
## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ - ၂၀၁၆ ခုနှစ်၊ မတ်လ

စီမံချက်နယ်မြေ ဧရိယာ - **မဲဆောက်၊ တာ့(ခ်)ခရိုင် ၊ ထိုင်းနိုင်ငံ**
အကျိုးခံစားရသည့်ခန့်မှန်းလူဦးရေ စုစုပေါင်း - **ဆေးဝန်ထမ်း - ၁၇ ဦး ၊ ဒုက္ခသည် လူနာ - ၈၄၀၀ ဦး**









## မြန်မာလူနည်းစု တိုင်းရင်းသားများအတွက် ခွဲစိတ်ကုသမှုဆိုင်ရာ ဆေးပညာသင်တန်း။

TJED အဖွဲ့သည် စိုက်ပျိုးရေး၊ ပညာရေး နှင့် ကျန်းမာရေးနှင့်ပတ်သက်သော ပံ့ပိုးမှု စီမံကိန်းလုပ်ငန်းများကို မြန်မာ လူနည်းစု တိုင်းရင်းသားများနှင့် ဒုက္ခသည်များအတွက် အကောင်အထည်ဖော် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ဂျပန်ပလက်ဖောင်း၏ မြန်မာနိုင်ငံ အစီအစဉ်အတွက် အဖွဲ့ဝင်အဖြစ် ၂၀၁၃ခုနှစ် တွင်စတင်ပါဝင်ခဲ့ပါသည်။ ဂျပန်ပလက်ဖောင်း၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ခွဲစိတ်ကုသမှုဆိုင်ရာ အတတ်ပညာ သင်တန်းအား တစ်နှစ်ခွဲကာလကြာ ပံ့ပိုးပေးနိုင်ခဲ့ခြင်းဖြင့် သင်တန်းသူ၊ သင်တန်းသားများမှ တဆင့် လူနည်းစု တိုင်းရင်းသားများအတွက် ထိရောက်စွာ ပြန်လည် အသုံးချနိုင်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ သင်တန်းသူ သင်တန်းသား အများစုသည် မြန်မာပြည်မှ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့် ကျေးရွာများမှ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကျေးရွာများတွင် နေထိုင်သူများအတွက် တတ်ကျွမ်းသည့် ကျန်းမာရေးဝန်ထမ်း မရှိသည့်အပြင်၊ အထူးသဖြင့် ခွဲစိတ်ကုသမှုဆိုင်ရာ သင်တန်း အောင်မြင်ပြီးသူများ မရှိပေ။ အများအားဖြင့် မြန်မာပြည်မှ ကျေးရွာအများစုတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အခြေခံ စောင့်ရှောက်မှုများ အားနည်းလျက်ရှိပါသည်။ သင်တန်းတက်ပြီး သင်တန်းသူ၊ သင်တန်းသားများ အနေဖြင့် နေရပ်ဒေသသို့ပြန်ကာ နယ်လှည့်ကျေးဇူး ဆေးဝန်ထမ်းများ အဖြစ် လှည့်လည် ကုသမည်ဖြစ်သည်။ သင်တန်းသားများ အနေဖြင့် ကျေးရွာများတွင် မြေမြုပ်မိုင်းဒဏ် ထိသူများအတွက် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်သည့်အပြင် ယခင်က မလုပ်နိုင်ခဲ့သော အခြေခံ ခန္ဓာဗေဒ စမ်းသပ်မှုများကိုလည်း သင်တန်းတွင် တတ်မြောက်ထားပြီးဖြစ်သဖြင့် ဒေသခံ ရွာသူ၊ရွာသားများကို စမ်းသပ်ကာ ကုသပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လူနည်းစု တိုင်းရင်းသား မျိုးနွယ်စုများ အနေဖြင့် အများပိုင် ကျေးလက် ကျန်းမာရေး ဆေးခန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထူထောင်ကြပြီး ကျွန်ုပ်တို့ လုပ်ဆောင်မှုများထဲမှ ရလဒ်ကောင်းများ အနေဖြင့် ထိုအဖွဲ့အစည်းများတွင် ကျေးရွာ ဆေးခန်းနှင့်ခွဲစိတ်ခန်းများအား ဆောက်လုပ်နေမှုများကို တွေ့ရှိရပါသည်။

### ဒေသခံများ ရင်တွင်းစကား

ကျွန်တော် မြန်မာပြည်မှာ ဆေးကျောင်းကို ဆက်တက်ဖို့ ငွေကြေး မတတ်နိုင်တော့တဲ့အတွက် တစ်ပိုင်းတစ်စနဲ့ပဲ နားခဲ့ရပါတယ်။ လူတွေအသက်ကို ကယ်နိုင်ဖို့ ဆေးပညာ လေ့လာ သင်ကြားနိုင်တဲ့ အခွင့်အရေး ဒီမှာ ရရှိလို့ အရမ်းကို ဂုဏ်ယူ ဝမ်းသာမိပါတယ်။ သင်တန်းရဲ့ ပို့ချမှု အရည်အသွေးက အရမ်းကောင်းပြီး လက်တွေ့ အသုံးချနိုင်ဖို့များစွာ အထောက်အကူပြုပါတယ်။ မြန်မာစကားပြန်ကလည်း သင်ကြားရေးဆိုင်ရာ ဗဟုသုတသစ်များအတွက် များစွာ အထောက်အကူပြုပါတယ်။ ကျွန်တော့်ရဲ့ အဖွဲ့အစည်းနဲ့ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ သူများကို ကူညီမှု ပေးနိုင်မှာဖြစ်တဲ့အတွက် အရမ်းပဲ ဝမ်းသာပါတယ်။ ဒီသင်တန်းကို တက်ရောက်ကြတဲ့ သူငယ်ချင်းများနဲ့လည်း ထာဝရအသိမိတ်ဆွေ ဖွဲ့ခွင့်ရခဲ့ပါတယ်။ ကျွန်တော် TJED နဲ့ ဂျပန်ပလက်ဖောင်း အဖွဲ့ကို အထူး ကျေးဇူးတင်ပါတယ်။

*နိုင်ဟွန်ထော်(သင်တန်းသား - ၂၃ နှစ်)*



©JPF

## ဂျပန်ပလက်ဖောင်းအကြောင်း (ဂျေပီအက်ဖ်)

ဂျပန်ပလက်ဖောင်း အဖွဲ့အစည်းသည် ဂျပန်နိုင်ငံမှ နိုင်ငံတကာသို့ လူသားချင်းစာနာထောက်ပံ့သော အကူအညီပေးရေး အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ၂၀၀၀ ခုနှစ်တွင် ဂျပန် အန်ဂျီအိုများ၏ အရေးပေါ် ကယ်ဆယ်ရေးနှင့် လူသားခြင်းစာနာ ထောက်ပံ့သော အကူညီပေးရေး အတွက် စနစ်သစ်တစ်ခုအနေဖြင့် တည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ ဂျပန်ပလက်ဖောင်း အဖွဲ့အစည်းသည် တူညီသော မိတ်ဖက် အဖွဲ့အစည်းများအဖြစ် ဂျပန်ပြည်သူလူထု၊ အစိုးရအဖွဲ့အစည်း ၊ စီးပွားရေး လုပ်ငန်းရှင်များ အုပ်စုနှင့်အတူ ရည်ရွယ်ချက် အစီအစဉ်ကောင်းများကို ဆောင်ကျဉ်းလာပြီး၊ ကမ္ဘာတစ်လွှား၌ ဖြစ်ပျက်နေသော သဘာဝ ဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေများကို တုံ့ပြန်ပေးမည့် အရေးပေါ် ကယ်ဆယ်ရေးနှင့် လူသားချင်း စာနာထောက်ထားသော ပံ့ပိုးကူညီမှုများကို မိတ်ဖက် အဖွဲ့အစည်းများမှတဆင့် အချိန်မီ ထိရောက်စွာ ကူညီပေးနိုင်ရန် စီစဉ်ထားသော အစီအစဉ်ကောင်း တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှုအတွင်း ပြင်းပြသော ရည်ရွယ်ချက်မှာ အဖွဲ့ဝင် အန်ဂျီအိုများ၏ အတွေ့အကြုံနှင့် ကိုယ်ရည်ကိုယ်သွေးကို အင်အားတစ်ရပ်အဖြစ် ပြည့်ဝစွာ အသုံးချပြီး ဆောင်ရွက်မှု ကဏ္ဍ တစ်ခုချင်းစီအလိုက် အင်တိုက်အားတိုက် ကြိုးပမ်းစွာ ပါဝင်ဆောင်ရွက် မှုကို ရရှိရန် ဖြစ်ပါသည်။ ၂၀၀၀ ခုနှစ် အစောပိုင်းကတည်းကပင် နိုင်ငံပေါင်း (၄၀) ကျော်ရှိ ဒေသများ၌ ခန့်မှန်းငွေကြေး အမေရိကန်ဒေါ်လာ သန်း ၃၅၀ ဖြင့် စီမံကိန်းပေါင်း (၁၁၀၀) ကျော် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် ဖွန်လအထိ ဂျပန်ပလက်ဖောင်းအဖွဲ့အစည်းသည် အဖွဲ့ဝင် အန်ဂျီအိုပေါင်း (၄၇) ဖွဲ့ဖြင့် ပူးပေါင်းလုပ်ဆောင်လျက် ရှိပါသည်။



အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်း



နီပေါ မြေငလျင် အရေးပေါ် တုံ့ပြန်မှု



ဖိလစ်ပိုင် ဟာဂူပစ် မုန်တိုင်း အရေးပေါ် တုံ့ပြန်မှု




Photo credit (unless otherwise specified):
Cover photo ©JPF / P05 ©AAR / P06 ©ADRA / P07 ©BHN
P08 ©CWS / P09 ©KnK / P10 ©NICCO / P11 ©PWJ
P12 ©SCJ / P13 ©SVA / P14©TJED

JAPAN PLATFORM

**ဂျပန်ပလက်ဖောင်း (ရန်ကုန်)**
အမှတ် (၅၀)၊ ၁ (အေ) ပထမထပ်၊
ရွှေတောင်တန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။
မေးလ်- info@japanplatform.org

**ဂျပန်ပလက်ဖောင်း (တိုကျို)**
ကိုဂျီမချီ ဂျီအန် ရာဆူဒါ အဆောက်အဦး၊
၄လွှာ အက်ဖ်၊
၃-၆-၅ ကိုဂျီမချီ၊ ချီယိုဒါ-ကု၊ တိုကျို
၁၀၂-၀၀၈၃၊ ဂျပန်
မေးလ်- info@japanplatform.org

**www.japanplatform.org**

@2015 Japan Platform All rights reserved
(July 2015)

